လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ January 2024

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တောင်ကြီးခရိုင်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း



**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်** **ဟိုပုံးမြို့**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများ လိုက်ပါ၍ ဟိုပုံးမြို့ သာသနာ့ဗိမ္မာန်တွင် တိုက်ပွဲရှောင် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားများ ပြောကြားခဲ့ပြီး Smart အထည်ချုပ်စက်ရုံမှ ထုတ်လုပ်သည့် ကျား/ မအင်္ကျီများ၊ ကိုယ်တိုက်ဆပ်ပြာများ၊ တိုက်ပွဲရှောင်ပြည်သူများအနက်မှ အသက်(၇၀)နှစ်နှင့်အထက် သက်ကြီးသူများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၅) နှစ်အောက်ကလေးများအား လူမှုရေး အထောက်အပံ့အဖြစ်ထောက်ပံ့ငွေများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥတို့ကို လူဦးရေအလိုက်၊ အိမ်ထောင်စု အလိုက် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဟိုပုံးမြို့ လုမ္ဗနီ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်သံဃာတော်များအား ဖူးမြော်ကန်တော့ကာ တိုက်ပွဲရှောင် ပြည်သူများအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဝတ်အထည်၊

ကိုယ်တိုက်ဆပ်ပြာ၊ တိုက်ပွဲရှောင် ပြည်သူများအနက်မှ ကာကွယ်စောင့်ရှောက်ပေးရန် လိုအပ်သူများ အတွက် လူမှုရေးအထောက်အပံ့ငွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥတို့ကို လူဦးရေ အလိုက်၊ အိမ်ထောင်စုအလိုက် ပေးအပ်ထောက်ပံ့ပြီး တိုက်ပွဲရှောင်ပြည်သူများကို နွေးထွေးရင်းနှီးစွာ တွေ့ဆုံ အားပေးစကား ပြောကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့၊ တောင်ကျောင်းကြီးဘုန်းတော်ကြီးကျောင်း သို့ ဆက်လက်သွားရောက်ပြီး Smart အဝတ်အထည်များ၊ ကိုယ်တိုက်ဆပ်ပြာများ၊ လူမှုရေးထောက်ပံ့ငွေများ၊ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥတို့ကို အသီးသီး ထောက်ပံ့ပြီး တိုက်ပွဲရှောင်ပြည်သူများ၏ လိုအပ်ချက်၊ တင်ပြချက်များကိုမေးမြန်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် တောင်ကြီးမြို့၊ ကရင်နှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်းသို့ ဆက်လက် သွားရောက်ပြီး အဝတ်အထည်၊ ဆပ်ပြာ၊ ထောက်ပံ့ငွေ၊ စားနပ်ရိက္ခာများကို ထောက်ပံ့ခဲ့ပြီး တိုက်ပွဲရှောင်ပြည်သူ များနှင့် ရင်းရင်းနှီးနှီး ချစ်ခင်စွာ အားပေးစကားများ ပြောကြားခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလော ခရိုင်အတွင်းသို့ ရောက်ရှိခိုလှုံလာကြသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း



**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်** **ရှမ်းပြည်နယ်**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း သည် တာဝန်ရှိသူများ လိုက်ပါ၍ ညောင်ရွှေမြို့ မင်္ဂလာ ရပ်ကွက်ရှိ ဘုရားကျိန်းကျောင်းတွင် ယာယီခိုလှုံနေကြ သော တိုက်ပွဲရှောင် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားများ ပြောကြားခဲ့ပြီး Smart အထည်ချုပ် စက်ရုံမှ ထုတ်လုပ်သော ကျား/ မ အင်္ကျီများ၊ ကိုယ်တိုက် ဆပ်ပြာများ၊ တိုက်ပွဲရှောင်ပြည်သူများအနက်မှ အသက် (၇၀)နှစ် နှင့်အထက် သက်ကြီးသူများ၊ မသန်စွမ်းသူများ၊

ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၅)နှစ်အောက် ကလေးများအား လူမှုရေးအထောက်အပံ့အဖြစ် ထောက်ပံ့ငွေများ၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့က ထောက်ပံ့သော ဆန်၊ ဆီ၊ ဆား၊ပဲ၊ ခေါက်ဆွဲခြောက်၊ ကြက်ဥ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ထောက်ပံ့ငွေတို့ကို လူဦးရေအလိုက်၊ အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ထို့နောက် တိုက်ပွဲရှောင်ပြည်သူများ၏လိုအပ်ချက်များ၊ တင်ပြချက်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့ မဟာရန်အောင်ဘုရားတွင် ဖွင့်လှစ်ထားသည့် ယာယီခိုလှုံရာစခန်းတွင် ရောက်ရှိ ခိုလှုံနေကြသည့် တိုက်ပွဲရှောင် ပြည်သူများအား နွေးထွေးရင်းနှီးစွာ တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ပစ္စည်းများ၊ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။

## “လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက် စတင်ခြင်းဖွင့်ပွဲအခမ်းအနား” ကျင်းပခြင်း




**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်** **နေပြည်တော်**

“လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက်စတင်ခြင်း ဖွင့်ပွဲအခမ်းအနား” ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာန၊ အစည်းအဝေးခန်းမ၌ (၅-၁-၂၀၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် (၁၂) ခုတွင် နေအိမ်ပေါင်း (၅၅,၀၀၀) ကျော်ကို ရန်ပုံငွေကျပ် (၁.၇) ဘီလီယံကျော် ကျခံသုံးစွဲပြင်ဆင်

ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင်လည်း ယခင်နှစ်များနည်းတူ တိုင်းဒေသကြီး/ပြည်နယ် (၉) ခုတွင် နေအိမ်ပေါင်း (၁၉,၅၄၀) လုံးကို ရန်ပုံငွေကျပ် (၉၄၅.၅၈၀)သန်းဖြင့် အားဖြည့်ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းမှ ကျိုင်းတုံမြို့ရှိ မူလတန်းကြိုကျောင်း၊ ကလေးပြုစုရေးဌာနနှင့် သိုလှောင်ရုံများသို့ ကြည့်ရှုစစ်ဆေးခြင်း



**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်** **ကျိုင်းတုံမြို့**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ (၉.၁.၂၀၂၄)ရက်နေ့တွင် ရှမ်းပြည်နယ် (အရှေ့)၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျိုင်းတုံမူလတန်းကြိုကျောင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ရာ ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသပ်ရပ်စွာဖြင့် အာဟာရပြည့်ဝစွာ ကျွေးမွေးနိုင်မည့် အခြေအနေ၊ သင်ရိုးညွှန်းတမ်းနှင့်အညီ ကလေးများအား စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်မှု အခြေအနေ၊ ဆရာမများ အနေဖြင့် စိတ်ကောင်း စေတနာကောင်းများဖြင့် ပြုစုပျိုးထောင် သင်ကြားပေးရေးတို့ကို မှာကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ ရောက်ရှိခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကလေးငယ်များကို အတန်းပညာ သာမက ၎င်းတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကိုလည်း သက်ဆိုင်ရာ ကဏ္ဍအလိုက်ပညာရှင်များ ဖိတ်ခေါ်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးရန်နှင့် နွေရာသီကျောင်းပိတ်ရက်တွင် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးရန် လမ်းညွှန်မှာကြားခဲ့ပြီး ကလေးငယ်များနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပါသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကျိုင်းတုံခရိုင်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်း သိုလှောင်ရုံသို့ သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကယ်ဆယ် ထောက်ပံ့ပစ္စည်းများကို လေလွင့်ပျက်စီးမှုများ မဖြစ်ပေါ်စေရေး၊ သက်တမ်းပြည့် ကောင်းမွန်စွာဖြင့် ဘေးသင့်သူများလက်သို့ ထောက်ပံ့နိုင်ရေးတို့အတွက် ထုတ်ပြန်ထားသော သိုလှောင်ရုံထိန်းသိမ်းရေး လက်စွဲနှင့်အညီ စနစ်တကျထားသိုထိန်းသိမ်းရန်နှင့် မီးဘေးအပါအဝင် သိုလှောင်ရုံလုံခြုံရေးကို ဝန်ထမ်းများ အထူးသတိပြုဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(ကျိုင်းတုံ)မှ စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်** **ကျိုင်းတုံမြို့**

(၁၀-၁-၂၀၂၄)ရက်နေ့၊ နံနက်(၀၉:၀၀)နာရီတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ)၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သင်တန်းအဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ တြိဂံဒေသ

တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ)မှ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသားများ စုစုပေါင်း(၁၀၀)ဦးခန့် တက်ရောက်ခဲ့ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို နံနက် (၁၀:၀၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါကြောင်း သတင်းရရှိပါသည်။

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၄) ကျင်းပခြင်း



**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်** **နေပြည်တော်**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄)ကို (၁၅-၁-၂၀၂၄) ရက်နေ့တွင် ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့်တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီ အစည်းအဝေး (၂/၂၀၂၃) ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို တင်ပြဆွေးနွေးပြီးနောက် အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (၂၀၂၂-၂၀၂၃) အကောင်အထည်ဖော်မှု ဒုတိယ(၆)လပတ်အစီရင်ခံစာ (မူကြမ်း) ရေးသားထားမှုကို လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးက တင်ပြပြီး တက်ရောက်လာသော လုပ်ငန်းကော်မတီဝင်များမှ အကြံပြုဆွေးနွေးခဲ့ကြပါသည်။



## Basic Social Work Skills Development သင်တန်းဖွင့်ပွဲ ကျင်းပခြင်း




**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်** **နေပြည်တော်**

Basic Social Work Skills Development သင်တန်းဖွင့်ပွဲ အခမ်းအနားကို (၂၂-၁-၂၀၂၄) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် Basic Social Work Skills Development သင်တန်းကို ပိုမိုကောင်းမွန်သောပြန်လည်ထူထောင်ရေးလုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်၊ လူမှုရေးပညာရပ်ဆိုင်ရာ အခြေခံသဘောတရားတို့ကို သိရှိနားလည်ပြီး ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်လာစေရန်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်တို့ဖြစ်ပါကြောင်း၊ လူမှုရေးလုပ်ငန်း၏အခြေခံကျသော လုပ်ငန်းစဉ်သည် ယေဘုယျအားဖြင့် ထိခိုက်လွယ်အခြေအနေတို့ကို ရင်ဆိုင်နေရသူများ၊ ဆင်းရဲနွမ်းပါးမှုကို ခံစားနေရသူများနှင့် ခွဲခြားဆက်ဆံမှုကို ကြုံတွေ့နေရသူတို့အတွက် ကောင်းကျိုးစီးပွားတိုးတက်လာစေရန်နှင့် အခြေခံလိုအပ်ချက်တို့ကို ရရှိနိုင်ရန် ကူညီဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယနေ့သင်တန်းတွင် လူမှုရေးပညာရပ်ဆိုင်ရာ အခြေခံသဘောတရားများ၊ လူမှုရေးလုပ်ငန်းဆောင်ရွက်သူများ၏ အခန်းကဏ္ဍ၊ လူမှုရေးလုပ်ငန်းဆောင်ရွက်သူများ ကျင့်သုံးဆောင်ရွက်ရမည့် အကြောင်းအရာများ၊ လိုက်နာရန်လိုအပ်သော ကျင့်ဝတ်စည်းမျဉ်းများ၊ လူတစ်ဦးချင်း၊ အဖွဲ့လိုက်နှင့် ရပ်ရွာအတွင်း ကူညီဆောင်ရွက်ပေးရမည့် နည်းလမ်းများအပြင် လူမှုကာကွယ်စောင့်ရှောက်ရေး၊ ကျား/မတန်းတူညီမျှရေး၊ မသန်စွမ်းမှုဆိုင်ရာ လူမှုရေးနည်းလမ်းအရ ကူညီဆောင်ရွက်ပေးနေသော လုပ်ငန်းအစီအစဉ်များနှင့် သက်ဆိုင်သည့် သင်ခန်းစာတို့ကို ပို့ချမည်ဖြစ်ပါကြောင်း၊သင်တန်းတက်ရောက်သည့်အရာထမ်း၊ အမှုထမ်းများအနေဖြင့် ယနေ့သင်တန်းတွင် ပို့ချမည့် လူမှုရေးပညာရပ်ဆိုင်ရာ အခြေခံအကြောင်းအရာတို့ကို စိတ်ပါဝင်စားစွာဖြင့် လေ့လာသင်ယူရန်အပြင် လက်တွေ့လေ့ကျင့်ရန်နှင့် လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

## (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် မော်လမြိုင်လူငယ်သင်တန်းကျောင်းမှ ဘင်္ဂါလီကလေး (၈၉)ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခြင်း

**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်** **မွန်ပြည်နယ်**



(၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ**“နောက်တစ်ကြိမ် ပြစ်မှုကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”**ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ မော်လမြိုင်လူငယ်သင်တန်းကျောင်းမှ ဘင်္ဂါလီကလေး(၈၉) ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိခဲ့ပါသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် ဘင်္ဂါလီကလေး (၈၉) ဦးအား မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးမှ (၅.၁.၂၀၂၄) တွင် တွေ့ဆုံ၍ နေရပ်ပြန်လည်စေလွှတ်နိုင်ရေးစီစဉ် ဆောင်ရွက်၍ ဆုံးမစကားပြောကြားခဲ့ပါသည်။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသည့် ကလေးသူငယ်များအားစနစ်တကျ ပြန်လည်အပ်နှံနိုင်ရေးနှင့် စိတ်လူမှုပံ့ပိုးမှုပေးခြင်း

**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်** **မန္တလေးတိုင်းဒေသကြီး**

လူမှုဝန်ထမ်းဦးစီးဌာန၊ လူငယ်သင်တန်းကျောင်းများတွင် လက်ခံစောင့်ရှောက်ထားသူများအနက်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၄-၁-၂၀၂၄)ရက်စွဲပါ အမိန့်အမှတ် (၁/၂၀၂၄)ပါအမိန့်အရ မန္တလေးလူငယ်သင်တန်းကျောင်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ (၂)ဦးနှင့် ပုသိမ်ကြီးလူငယ်သင်တန်းကျောင်းတွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူ(၈)ဦးအား (၈-၁-၂၀၂၄)ရက်နေ့၌ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးနှင့် ကျောင်းအုပ်တို့က စိစစ်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး ပြန်လည်ပို့အပ်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊ ပုဒ်မ (၄၀၁) ပုဒ်မခွဲ (၁) အရ “**နောက်တစ်ကြိမ် ပြစ်မှုကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်**” ဟူသော စည်းကမ်းသတ်မှတ်ချက်ကို တွေ့ဆုံရှင်းလင်းခြင်းနှင့် psycho Social Support ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။



## ရောဝတီတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း

**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်** — **ရောဝတီတိုင်းဒေသကြီး**



၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ တတိယသုံးလပတ်၌ ရောဝတီတိုင်းဒေသကြီးအတွင်း အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်း ကော်မတီဆောင်ရွက်နေမှုများ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးရန်နှင့် ရှေ့လုပ်ငန်းစဉ်များအား ချမှတ်ရန် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို (၉.၁.၂၀၂၄) ရက်နေ့ နေ့လယ်(၁၃:၀၀)နာရီအချိန်တွင် ရောဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ရောဝတီတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးကော်မတီ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီး နှင့် ကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

## အောင်မြေသာစံခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခြင်း

**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်** — **မန္တလေးတိုင်းဒေသကြီး**

(၁၇.၁.၂၀၂၄) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မန္တလေး လူငယ်သင်တန်းကျောင်းခန်းမ၌ ခရိုင်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ဖြင့် ဌာနဆိုင်ရာများမှ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်သွားနိုင်ရန်၊ စာရေးဆရာများအား ဖိတ်ကြား၍ မန္တလေးလူငယ် သင်တန်းကျောင်းရှိ လူငယ်များအား အသိပညာပေး ဟောပြောပွဲ ဆောင်ရွက်နိုင်ရန်၊ အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းနှင့် အေးရိပ်ငြိမ်ဂေဟာတွင် အသိပညာပေး ဆောင်ရွက်ရန်ကိစ္စများ ဆွေးနွေးခဲ့ပါသည်။ အစည်းအဝေးကို အောင်မြေသာစံခရိုင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး နှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ပါသည်။



# “မိဘအရင်းသဖွယ်ပြုစုစောင့်ရှောက်ခြင်း လုပ်ငန်းလမ်းညွှန်စာအုပ်အား ပြန်လည် သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ” ကျင်းပပြုလုပ်ခြင်း

**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နှင့် ၁၉ ရက်** **နေပြည်တော်**



**လူမှုဝန်ထမ်းဦးစီးဌာနနှင့် Tdh-l တို့ ပူးပေါင်း၍** “မိဘအရင်းသဖွယ်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းလမ်းညွှန်စာအုပ် ပြန်လည်သုံးသပ်ခြင်းအလုပ်ရုံဆွေးနွေးပွဲ” ကို (၁၈.၁.၂၀၂၄) ရက်နေ့မှ (၁၉.၁.၂၀၂၄) ရက်နေ့အထိ နေပြည်တော် ၊ Hotel Max တွင် ကျင်းပ ပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဌာနခွဲများရှိ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တာဝန်ရှိသူများ စုစုပေါင်း (၃၀)ဦး တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင်လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက အမှာစကားပြောကြားရာတွင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် Tdh-l နှင့်ပူးပေါင်းပြီး ရပ်ရွာအတွင်းအခြားနည်းဖြင့် ပြုစုစောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များအား သင့်လျော်သည့် စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် **မိဘအရင်းသဖွယ်ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းစဉ်**ကို (၂၀၁၆)ခုနှစ်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးတွင် ဒလမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် မဟာအောင်မြေမြို့နယ်တို့၌ စတင်အကောင်အထည်ဖော်ခဲ့ပြီး လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး၌ ဒလမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် မတ္တရာမြို့နယ်၌လည်းကောင်း၊ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအလုပ်ရုံ ဆွေးနွေးပွဲသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ အကောင်အထည်ဖော် ဆောင်ရွက်မည့် နည်းဥပဒေရေးသားခြင်းတွင် အထောက်အကူပြုစေမှာ ဖြစ်သည့်အတွက် ယခု အလုပ်ရုံဆွေးနွေးပွဲမှ ရရှိသည့်အချက်များအပေါ်မူတည်၍ စံလုပ်ငန်းလမ်းညွှန်ကို အတည်ပြုပြီး ဖြန့်ဝေနိုင်ရေးအပြင် လုပ်ငန်းများကို မြေပြင်မှာ ဆောင်ရွက်နေသည့် ဖြစ်ရပ်စီမံခန့်ခွဲသူများကလည်း ပိုမိုစနစ်ကျနစွာ ဆောင်ရွက်နိုင်မှာ ဖြစ်သည့်အတွက် ယခုလုပ်ငန်းစဉ်ကို တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် မိသားစုအရင်းသဖွယ်စောင့်ရှောက်ပေးနိုင်သူများ ပိုမိုထွက်ပေါ်လာပြီး ကလေးများဘဝလည်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းလမ်းညွှန် စာအုပ်အား ပြန်လည် လေ့လာသုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို (၁၈.၁.၂၀၂၄)မှ (၁၉.၁.၂၀၂၄)ရက်နေ့အထိ (၂)ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါသည်။

## တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်း ပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းအစီအစဉ်တွင် လူမှုဝန်ထမ်းလုပ်ငန်းများအကြောင်း အသိပညာပေးဟောပြောခြင်း

**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်** **ဧရာဝတီတိုင်းဒေသကြီး**



ဧရာဝတီတိုင်းဒေသကြီးတိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်း ပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်း အစီအစဉ်ကို (၂၄.၁.၂၀၂၄) ရက်နေ့တွင် ပုသိမ်မြို့နယ်၊ ရွှေသောင်ယံမြို့အုန်းချောကျေးရွာ၌ ကျင်းပခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်နေသည့် ကလေးသူငယ်များ၏ အခွင့်အရေး၊ အမျိုးသမီးများ၏ အခွင့်အရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ လူမှုရေးပင်စင် ထောက်ပံ့ခြင်း အစီအစဉ်၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ် အောက်ကလေး သူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်နှင့် လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အကြောင်းကို အသိပညာပေး ဟောပြောခဲ့ကြပါသည်။

## လမ်းပေါ်နေကလေးများလျော့နည်းရေးနှင့် ပပျောက်ရေးစီမံချက်ပါ ကလေးများအားပညာသင်စရိတ်ထောက်ပံ့ခြင်း

**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်** **မန္တလေးတိုင်းဒေသကြီး**

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး၊ တိုင်းဒေသကြီး ဦးစီးမှူးသည် မန္တလေးတိုင်းဒေသကြီး အတွင်း လမ်းပေါ်နေကလေးများ လျော့နည်းရေးနှင့် ပပျောက်ရေး စီမံချက်ပါ ကလေးများအား ပြန်လည်ထူထောင်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ပညာသင်စရိတ်ထောက်ပံ့ခြင်းကို (၂၅-၁-၂၀၂၄) ရက်နေ့ မနက် (၁၀:၀၀) နာရီတွင် အောင်မြေသာစံမြို့နယ် (အထက-၃၈)ကျောင်းကြီး၌ ကျင်းပခဲ့ပြီး ကလေးတစ်ဦးလျှင်(၅၀,၀၀၀)ကျပ်နှုန်းဖြင့် ကလေး (၄၅) ဦးအား ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။



ရှေးဦးအရွယ်ကလေးသူငယ် MCCT လူမှုရေးပင်စင်

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲများပြုလုပ်ခြင်း







(၁၀-၁-၂၀၂၄) ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ် အ.ထ.က (ခွဲ) သာယာကုန်းကျောင်း၌ ကျောင်းသား/သူ(၁၀၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းနှင့် Mask ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

(၁၂-၁-၂၀၂၄) ရက်နေ့တွင် သထုံခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ် အ.ထ.က (ကသဖ) ကျောင်း၌ ကျောင်းသား/ သူ (၁၅၀)ဦးခန့်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာ ဖြန့်ဝေခြင်းနှင့် Mask ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလအတွင်း မီးဘေးထောက်ပံ့မှုများ



(၃-၁-၂၀၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ် (၂) ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းသွယ် (၃) လမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၉)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၈,၉၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို (၃-၁-၂၀၂၄) ရက်နေ့တွင် မအူပင်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၃-၁-၂၀၂၄) ရက်နေ့တွင် ကရင်ပြည်နယ်၊ မြဝတီ

မြို့၊ အမှတ် (၄) ရပ်ကွက်၊ သမာဓိလမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် တစ်စိတ်တစ်ပိုင်း ပျက်စီးလူနေအိမ်(၁)လုံး အတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်(၃၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂) ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄,၂၀၀/-) တို့ကို (၁၂-၁-၂၀၂၄) ရက်နေ့တွင် မြဝတီခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၄-၁-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက်၊ တူသီတာ (၂) လမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ ပျက်စီးလူနေအိမ် (၃) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်(၆၅၀,၀၀၀/-)၊ဘေးသင့်လူဦးရေ(၁၅)ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၃၁,၅၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို (၉-၁-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၉-၁-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ အမှတ် (၁၁) ရပ်ကွက်၊ မြို့လုပိုင်း (လယ်ကွင်းအစပ်)၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝ ပျက်စီးလူနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၉) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁၈,၉၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၇) မျိုးတို့ကို (၁၀-၁-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၁၂-၁-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပ မြို့နယ်၊ (ဠ) ရပ်ကွက်၊ ကုန္ဒြာ(၁၂)လမ်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၄)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၈၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၆)ဦး အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၂,၆၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၅-၁-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၁၂-၁-၂၀၂၄) ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ဒဏ်ရာရရှိသူ (၁) ဦးအတွက် ထောက်ပံ့ငွေကျပ်(၅၀,၀၀၀/-)တို့ကို (၁၂-၁-၂၀၂၄)ရက်နေ့တွင် ဘားအံခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါ သည်။



(၁၈-၁-၂၀၂၄)ရက်နေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ သပြေကုန်းကျေးရွာအုပ်စု၊ ချောင်းဝကုန်း ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၂)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄,၂၀၀၀/-)တို့ကို (၁၉-၁-၂၀၂၄) ရက်နေ့ တွင် လပွတ္တာခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ ပါသည်။

(၁၉-၁-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင် ကျေးရွာအုပ်စု၊ မိုင်းကုန်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှု ကြောင့်လုံးဝပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့် လူဦးရေ (၂) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၄,၂၀၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၂-၁-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူး ရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၀-၁-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပြွန်ကျေးရွာအုပ်စု၊ ရွှေလှိုင်းကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီး လူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၅) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၁၀,၅၀၀၀/-)နှင့်ကယ်ဆယ် ရေးပစ္စည်း (၁၇) မျိုး တို့ကို (၂၀-၁-၂၀၂၄) ရက်နေ့တွင် ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၂၃-၁-၂၀၂၄)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဝါးကြီးအိုင်ကျေးရွာ အုပ်စု၊ ဝါးကြီးအိုင်ကျေးရွာ၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးလူနေအိမ်(၉)လုံးအတွက် အိမ်ဆောက်ပစ္စည်း ဖိုး ထောက်ပံ့ငွေကျပ် (၉၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၉)ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်(၆၀,၉၀၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၂၅-၁-၂၀၂၄) ရက်နေ့တွင် တောင်သာမြို့နယ်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလအတွင်း ကမ်းပြိုဘေးထောက်ပံ့မှုများ



(၉-၁-၂၀၂၄)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ လေးအိမ်စု ကျေးရွာအုပ်စု၊ ကုက္ကိုလ်စုကျေးရွာ၌ ကမ်းပြိုဘေးကြောင့် ပြိုကျပျက်စီး လူနေအိမ်(၂)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ ငွေ (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၂) ဦးတို့ အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၅,၂၀၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကို(၉-၁-၂၀၂၄)ရက်နေ့တွင် မအူပင်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလအတွင်း တောဆင်ရိုင်းဘေးထောက်ပံ့မှုများ



(၆-၁-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ချောင်းစောက်ကျေးရွာအုပ်စု၊ ကျောက်ပြင်သာကျေးရွာ၌ တောဆင်ရိုင်းဝင်ရောက်ဖျက်စီးမှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးလူနေအိမ်(၁)လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ(၄)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၈,၄၀၀/-)နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၀-၁-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၁-၁-၂၀၂၄)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ တာ၀ွကျေးရွာအုပ်စု၊ ဗမာဂုံညှင်းတန်းကျေးရွာ၌ တောဆင်ရိုင်း ဝင်ရောက်ဖျက်စီးမှုကြောင့် လုံး၀ ပျက်စီးလူနေအိမ် (၁) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၁၁)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၂၃,၁၀၀/-)နှင့် ကယ်ဆယ် ရေးပစ္စည်း (၁၆) မျိုးတို့ကို (၁၇-၁-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလအတွင်း လေပြင်းဘေးကြိုတင်ကာကွယ်ရေး အစည်းအဝေးပြုလုပ်ခြင်း

ဧရာဝတီ... 

ဥတ္တရခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၈-၁-၂၀၂၄) ရက်နေ့တွင် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများဦးဆောင်သောအိမ်ထောင်စုများမှ ကြံ့ခိုင်မှုမရှိသော နေအိမ်များနှင့် မဖြစ်မနေပြုပြင်ရန် လိုအပ်သောနေအိမ်များ ပြန်လည် ပြုပြင်မွမ်းမံ ပြင်ဆင်ခြင်းစသည့် လေပြင်းဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ လေပြင်းဘေးကြိုတင်ကာကွယ်ရေးအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပါသည်။



## မြန်မာ-ထိုင်း ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်/ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံစံလုပ်ငန်း အစီအစဉ် အသုံးပြုနည်းသင်တန်း ဖွင့်ပွဲကျင်းပခြင်း

**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်** **နေပြည်တော်**



မြန်မာ-ထိုင်း ဖြစ်ရပ်စီမံခန့်ခွဲခြင်းနှင့် လူကုန်ကူးခံရသူများအား ပြန်လည်ပို့ဆောင်ခြင်းနှင့် ပြန်လည်/ဝင်ဆံ့ပေါင်းစည်းခြင်းဆိုင်ရာ နှစ်နိုင်ငံစံလုပ်ငန်း အစီအစဉ် အသုံးပြုနည်းသင်တန်းကို သင်တန်းသား/သူ (၆၇) ဦးဖြင့် (၁.၁.၂၀၂၄) ရက်နေ့မှ (၃.၁.၂၀၂၄) ရက်နေ့အထိ Virtual Training ဖြင့် ဖွင့်လှစ်ခဲ့ရာ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်သည့်အပြင် မြဝတီ၊ ကော့သောင်း၊ တာချီလိတ်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ အလုပ်သွားရောက် လုပ်ကိုင်လျက်ရှိပြီး ထိုင်းနိုင်ငံမှပြန်လည် လွှဲပြောင်းပေးသော ရွှေ့ပြောင်းအလုပ်သမားများနှင့် လူကုန်ကူးခံရသူများကိုလည်း မြဝတီ-မဲဆောက်လမ်းကြောင်း၊ ကော့သောင်း-ရနောင်းလမ်းကြောင်း၊ တာချီလိတ် - မဲဆိုင်လမ်းကြောင်းတို့မှတဆင့် ပြန်လည်လွှဲပြောင်းလက်ခံခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

## မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများမှတ်ပုံတင်ခြင်းသင်တန်းဖွင့်လှစ်ခြင်း

**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်** **ရန်ကုန်တိုင်းဒေသကြီး**



မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းသင်တန်းအား ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်တွင် အမျိုးသားစီမံခန့်ခွဲမှုကောလိပ်၊ မိုးလုံလေလုံအားကစားခန်းမတွင် (၁-၁-၂၀၂၄) ရက်နေ့မှ (၂-၁-၂၀၂၄) ရက်နေ့အထိ သင်တန်းသားဦးရေ (၇၀) ဦးဖြင့် လည်းကောင်း၊ လမ်းမတော်မြို့နယ်တွင် အ.ထ.က(၁) လမ်းမတော်၊ စွမ်းအားခန်းမ၌ (၁၈-၁-၂၀၂၄) ရက်နေ့မှ (၁၉-၁-၂၀၂၄)ရက်နေ့အထိ သင်တန်းသား ဦးရေ (၇၆) ဦးဖြင့်လည်းကောင်း ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါသည်။






# မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၂၄) အစည်းအဝေးနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၃၂) Consultation Meeting ကျင်းပခြင်း




**၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၁/၂၀၂၄) အစည်းအဝေးနှင့်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ဆိုင်ရာ အကြံပြု အစည်းအဝေးကို (၃၀-၁-၂၀၂၄) ရက်နေ့တွင် နေပြည်တော်၊ Max Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for the Advancement of Women NSPAW) Phase II (၂၀၂၃-၂၀၃၂) ရေးဆွဲရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ (၂/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ညွှန်ကြားရေးမှူး များက 6th CEDAW Report နှင့် NSPAW Phase II လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် ဒုတိယဝန်ကြီးများက အကြံပြု ဆွေးနွေးခဲ့ကြပါသည်။

